# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | ပဋ္ဌာန်းမြတ်ဒေသနာ | ၁ |
| အခန်း(၁) | သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း | ၁၅ |
| အခန်း(၂) | ဟေတုပစ္စည်း | ၇၉ |
| အခန်း(၃) | အာရမ္မဏာဒိ | ၁၀၉ |
| | အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စည်း | ၁၂၅ |
| | ဥပနိဿယပစ္စည်း | ၁၃၀ |
| | သမ္ပယုတ္တပစ္စည်း | ၁၃၇ |
| အခန်း(၄) | အဓိပတိပစ္စည်း | ၁၃၉ |
| အခန်း(၅) | အညမညပစ္စည်း၊ | ၁၆၅ |
| | ပုရေဇာတပစ္စည်း၊ | ၁၇၃ |
| | အာသေဝနပစ္စည်း | ၁၇၉ |
| အခန်း(၆) | ကမ္မပစ္စည်း | ၁၈၇ |
| အခန်း(၇) | ဝိပါကပစ္စည်း | ၁၉၉ |
| အခန်း(၈) | အာဟာရပစ္စည်း၊ | ၂၀၃ |
| | ဣန္ဒြိယပစ္စည်း၊ | ၂၁၀ |
| အခန်း(၉) | ဈာနပစ္စည်း၊ | ၂၂၀ |
| | မဂ္ဂပစ္စည်း၊ | ၂၃၀ |
| အခန်း(၁၀) | ဝိပ္ပယုတ္တပစ္စည်း | ၂၃၇ |
| အခန်း(၁၁) | ဆဝါရ-အနုလုံ-မှတ်ဖွယ် | ၂၅၀ |
| **ဆဝါရ ဝိဘင်္ဂ ပစ္စနိက်** | | ၂၆၁ |
| အခန်း(၁၂) | နှ ဟေတုပစ္စည်း | ၂၆၉ |
| အခန်း(၁၃) | နှ အာရမ္မဏာဒိ | ၂၇၆ |
| အခန်း(၁၄) | နှ အဓိပတိပစ္စည်း | ၂၈၀ |




# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အခန်း(၁၅) | နှ အညမညပစ္စည်း | ၂၉၅ |
| အခန်း(၁၆) | နှ ပုရေဇာတပစ္စည်း | ၂၉၉ |
| အခန်း(၁၇) | နှ ပစ္ဆာဇာတပစ္စည်း | ၃၀၅ |
| အခန်း(၁၈) | နှ အာသေဝနပစ္စည်း | ၃၀၇ |
| အခန်း(၁၉) | နှ ကမ္မပစ္စည်း | ၃၁၉ |
| အခန်း(၂၀) | နှ ဝိပါကပစ္စည်း | ၃၂၆ |
| အခန်း(၂၁) | နှ အာဟာရပစ္စည်း | ၃၃၀ |
| | နှ ဣန္ဒြိယပစ္စည်း | ၃၃၁ |
| အခန်း(၂၂) | နှ ဈာနပစ္စည်း | ၃၃၃ |
| | နှ မဂ္ဂပစ္စည်း | ၃၃၅ |
| အခန်း(၂၃) | နှ ဝိပ္ပယုတ္တပစ္စည်း | ၃၃၆ |
| အခန်း(၂၄) | ဓမ္မဝါရ | ၃၃၉ |
| အခန်း(၂၅) | မေးခွန်းဟောင်းများ | ၃၆၂ |


## အသက်ပေး၍ကြိုးစားမည်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

(ဆရာတော် အရှင်နေကာဘိဝံသ)

**သင်မှသိ သိမှကျင့် ကျင့်မှရ မြတ်ဗုဒ္ဓ၏ ဩဝါဒ**

ကျေးဇူးရှင်အပေါင်းအား ကျေးဇူးဆပ်သောအားဖြင့်

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)





## ပဋ္ဌာန်း ကုသလတိက် ဆဝါရဝိဘင်္ဂ

'ဆဝါရ'ဆိုသည်မှာ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ အားဖြင့် ဝါရ ၆-ပါးကိုဆိုပါသည်။

⇉ ပဋိစ္စဝါရနှင့် သဟဇာတဝါရသည် တူ၏။ ပဋိစ္စသဒ္ဒါဖြင့်၊ သဟဇာတသဒ္ဒါဖြင့် ဟောမှုသာ ထူးသည်။ သဟဇာတပစ္စည်းကို ဟောသည်။

⇉ ပစ္စယဝါရနှင့် နိဿယဝါရသည် တူ၏။ ပစ္စယသဒ္ဒါဖြင့်၊ နိဿယသဒ္ဒါဖြင့် ဟောမှုသာ ထူးသည်။ သဟဇာတနိဿယ၊ ပုရေဇာတနိဿယပစ္စည်းကို ဟောသည်။

⇉ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရသည် တူ၏။ သံသဋ္ဌသဒ္ဒါ၊ သမ္ပယုတ္တသဒ္ဒါဖြင့် ဟောမှုသာ ထူးသည်။ သမ္ပယုတ္တပစ္စည်းကို ဟောသည်။

➦ ပဋ္ဌာဝါရ၌ ပစ္စည်းကို ပဓာနထား၍ဟောပါသည်။ သုဒ္ဓသင်္ချာမှာလည်း ပစ္စည်း, ပစ္စယုပ္ပန် တွဲဖက်ပြဆို/ဟောတော်မူပါသည်။ ဆိုင်ရာ.. ပစ္စည်း,ပစ္စယုပ္ပန်တို့ကို တွဲစပ်၍ ပဒ-ပဒါဝသာန ခွဲလျက် သင်္ချာထုတ်ရုံမျှသာ ဖြစ်ပါသည်။

➦ **ဆဝါရ၌မူကား- ပစ္စယုပ္ပန်ကို** ပဓာနထား၍ ဟောတော်မူပါသည်။ သုဒ္ဓသင်္ချာမှာလည်း ပစ္စယုပ္ပန်မျှကိုသာ ပြဆိုထားပါသည်။ ပဒ-ပဒါဝသာန ခွဲရန်အတွက်-- ???

⇉ ပဋိစ္စဝါရနှင့် သဟဇာတဝါရတို့အတွက် **"ပဋ္ဌာဝါရ-သဟဇာတပစ္စည်း"**၏ ကဏ္ဍား-သမ္ဗန္ဓန် တို့ကို ကံ-ကတ္တား ပြန်လှန်လျက်ဟော၏။ သို့ဖြစ်၍ ဆိုင်ရာ ပစ္စယုပ္ပန်(သုဒ္ဓသင်္ချာ) တရားအား သဟဇာတပစ္စည်းတပ်သမျှကိုဖေါ်၍ 'ပဒ'အရယူ၏။ 'ပဒါဝသာန'မှာ ဆိုင်ရာ ဆိုင်ရာ ပစ္စယုပ္ပန်(သုဒ္ဓသင်္ချာ)တရားများပင်ဖြစ်၏။

⇉ ပစ္စယဝါရနှင့် နိဿယဝါရတို့အတွက် **"ပဋ္ဌာဝါရ-နိဿယပစ္စည်း"**၏ ကဏ္ဍား-သမ္ဗန္ဓန် တို့ကို ကံ-ကတ္တား ပြန်လှန်လျက်ဟော၏။ သို့ဖြစ်၍ နိဿယပစ္စည်းတပ်သောတရားက 'ပဒ'အရ ယူရမည်။

⇉ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့၌ **"ပဋ္ဌာဝါရ-သမ္ပယုတ္တပစ္စည်း"**၏ ကဏ္ဍား-သမ္ဗန္ဓန် တို့ကို ကံ-ကတ္တား ပြန်လှန်လျက်ဟော၏။ သမ္ပယုတ္တပစ္စည်းတပ်သောတရားက 'ပဒ'အရ ယူ၏။

☘ ဤနှစ်ဝါရ၏ သုဒ္ဓသင်္ချာမှာ ရုပ်မရသင့်ကြောင်းကို သဘောသက်ဝင် ဆင်ခြင် ဆုံးဖြတ်နိုင်ပါသည်။



## ဆဝါရ ဖွင့်ဆိုချက် (ပဋ္ဌာန်းပါဠိရှကျမ်း)

⇉ **ပဋိစ္စဝါရနှင့် သဟဇာတဝါရတို့ အနက်အားဖြင့် မထူးကြသော်လည်း အချင်းချင်း အနက်ကို မှတ်ခြင်းငှာဟောတော်မူ၏။** "ကေ္ခပဋိစ္စ ရူပေ ဥပ္ပဇ္ဇတိ"စသည်၌ သဟဇာတ မဟုတ်သော စက္ခုယတနရုပ်ကိုကို 'ပဋိစ္စ'ဟု ဟော၏။ သဟဇာတပင်ဖြစ်သော်လည်း ဥပါဒါရုပ်သည် ဘူတရုပ်အား ပဋိစ္စကိစ္စကို မပြီးစေနိုင်။ ဤသို့ကား ပဋိစ္စဝါရဖြင့် သဟဇာတ တရား၏ ပဋိစ္စကိစ္စကို ပြီးစေမှု ⇆ သဟဇာတဝါရဖြင့် ပဋိစ္စဟုဟောသောတရား၏ သဟဇာတကိစ္စကို ပြီး၏ဟု မှတ်ခြင်းငှာ ဟော၏။
(တစ်နည်း) ဝေနေယျတို့၏ အလို၊ ဒေသနာကို တန်ဆာဆင်မှု၊ နိရုတ္တိပဋိသမ္ဘိဒါ အပြားကို သိစွမ်းနိုင်မှုဖြင့် ဟောတော်မူ၏။

⇉**ပစ္စယဝါရနှင့် နိဿယဝါရတို့** အနက်အားဖြင့် မထူးကြသော်လည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"စသည်၌ မမှီတဲဖြစ်ကြသော ဓဏထူးရှိသောတရားတို့ကို 'ပစ္စယ'နှင့်ဟော၏။ ဥပမာ➦ သစ်သားတို့ တစ်ခုနှင့်တစ်ခု အချင်းချင်းမှီ၍ တည်နေကြသော်လည်း နိဿယပစ္စည်း မတပ်ကြ။ ထို့အတူ ဥပါဒါရုပ်က မဟာဘုတ်အား နိဿယပစ္စည်း မတပ်ကြ။ ဤသို့ကား ပစ္စယဝါရဖြင့် နိဿယဝါရဖြင့်ဟောတော်မူသော သဟဇာတနိဿယ, ပုရေဇာတနိဿယ သဘောရှိသော တရားသာတည်း။ နိဿယဝါရဖြင့် ⇆ ပစ္စယဝါရ၌ ဟောတော်မူသော သဟဇာတ, ပုရေဇာတ သဘောပင်တည်းဟု အချင်းချင်းတူပုံကို မှတ်ခြင်းငှာဟော၏။ (တစ်နည်း) ဝေနေယျတို့၏ အလို၊ ဒေသနာကို တန်ဆာဆင်မှု၊ နိရုတ္တိပဋိသမ္ဘိဒါ အပြားကို သိစွမ်းနိုင်မှုဖြင့် ဟောတော်မူ၏။

⇉ **သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့၌** "သံသဋ္ဌာယောဇိတာဟယာ"စသည်၌ 'ဧကုပ္ပါဒ'စသော သမ္ပယုတ္တသဘော မဟုတ်ဘဲလျက် "သံသဋ္ဌ"ဟုဆို၏။ 'ယာသာ ဝိမံသာ ကောသဇ္ဇ သဟဂတာ ကောသဇ္ဇ သမ္ပယုတ္တာ'စသည်၌ 'ဧကုပ္ပါဒ'စသော သမ္ပယုတ္တသဘော မရှိဘဲ အကြားအကြား၌ ပွမ်းသောအနက်သဘောကို 'သမ္ပယုတ္တ'ဟုဆို၏။ ဤသို့ကား သံသဋ္ဌ, သမ္ပယုတ္တတို့သည် 'ဧကုပ္ပါဒ'စသည် လက္ခဏာရှိကြသော သံသဋ္ဌ, သမ္ပယုတ္တ တို့တည်းဟု အချင်းချင်းတူပုံကို မှတ်ခြင်းငှာဟော၏။
(တစ်နည်း) ဝေနေယျတို့၏ အလို၊ ဒေသနာကို တန်ဆာဆင်မှု၊ နိရုတ္တိပဋိသမ္ဘိဒါ အပြားကို သိစွမ်းနိုင်မှုဖြင့် ဟောတော်မူ၏။

မှတ်ရန် * (စတုဝါရ= ပဋိစ္စ၊ သဟဇာတ၊ ပစ္စယ၊ နိဿယ။) **(ဒွေဝါရ- သံသဋ္ဌ၊ သမ္ပယုတ္တ)**